၂၀၁၆ ခုနှစ်၊ ဇူလိုင်လ (၆) ရက်

# အင်ဒို-မြန်မာ ဇီဝဆိုင်ရာအရေးကြီးဒေသများ (Indo-Burma Hotspot) ထိန်းသိမ်းရန် အကြီးစားစီမံကိန်းအဆိုပြုလွှာများ ခေါ်ယူခြင်း

**နိုင်ငံ -** မြန်မာနိုင်ငံ တစ်နိုင်ငံတည်းသာ
**အဆိုပြုလွှာပိတ်ရက် -** ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ (၁၇) ရက်၊ ဗုဒ္ဓဟူးနေ့
**လျှောက်ထားရမည့် နည်းဗျူဟာလမ်းညွှန်ချက် -** ၄ (သို့မဟုတ်) ၆ (တစ်ခုကိုသာ ရွေးချယ်လျှောက်ထားရမည်)
**အကြီးစားရန်ပုံငွေ** (အမေရိကန်ဒေါ်လာ ၂ သောင်းအထက်) အဆိုပြုလွှာများကိုသာ လျှောက်ထားရပါမည်။ လျှောက်ထားရာတွင် အီးမေး cepfgrants@conservation.org သို့ပေးပို့လျှောက်ထားရန် ဖြစ်ပါသည်။

The Critical Ecosystem Partnership Fund (CEPF) သည် အရေးကြီးသည့်ဇီဝမျိုးစုံမျိုးကွဲနေရာ (Biodiversity Hotspot) ဟု လူအများသိကြသည့် ကမ္ဘာပေါ်ရှိ ဇီဝမျိုးစုံမျိုးကွဲများကြွယ်ဝသောနေရာများနှင့် မျိုးသုန်းပျောက်ကွယ်နိုင်သည့် အခြေအနေသို့ ရောက်ရှိနိုင်သည့်နေရာများကို ထိန်းသိမ်းကာကွယ်ရန် စီစဉ်ဆောင်ရွက်လျှက် ရှိပါသည်။ CEPF သည် l'Agence Française de Développement ၊ Conservation International ၊ European Union ၊ Global Environment Facility ၊ Government of Japan ၊ John D. and Catherine T. MacArthur Foundation နှင့် World Bank တို့ ပူးပေါင်းဆောင်ရွက်သည့် အစီအစဉ်တစ်ခုဖြစ်ပြီး Indo-Burma Hotspot အတွက် Margaret A. Cargill Foundation မှလည်း ရန်ပုံငွေအထောက်အပံ့ ပေးထားပါသည်။ CEPF ၏ အခြေခံကျသောရည်မှန်းချက်မှာ ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းစောင့်ရှောက်ရာတွင် လူမှုဖွံ့ဖြိုးရေးအဖွဲ့အစည်းများ ပါဝင်ဆောင်ရွက်မှု သေချာစေရန် ဖြစ်ပါသည်။

Indo-Burma Hotspot တွင် ကမ္ဘောဒီးယား ၊ လာအို ၊ မြန်မာ ၊ ထိုင်း ၊ ဗီယက်နမ် နိုင်ငံတို့နှင့် တရုတ်နိုင်ငံတောင်ပိုင်းတို့ရှိ အဏ္ဏဝါမဟုတ်သည့် ဒေသများ ပါဝင်ပါသည်။

IUCN (International Union for Conservation of Nature) ၊ Myanmar Environmental Rehabilitation-conservation Network (MERN) နှင့် CEPF တို့သည် Indo-Burma Hotspot တွင်ပါဝင်သည့် နိုင်ငံများတွင် အသေးစားစီမံကိန်းများ ဆောင်ရွက်ရန်အတွက် အစိုးရမဟုတ်သော အဖွဲ့အစည်း များ၊ ဒေသခံအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကုမ္ပဏီနှင့် အခြားလူမှုဖွံ့ဖြိုးရေးအဖွဲ့အစည်းများ ထံမှ စီမံကိန်းအဆိုပြုလွှာများကို ဖိတ်ကြားအပ်ပါသည်။ မြန်မာနိုင်ငံအတွက် အကြီးစားစီမံကိန်းအဆိုပြုလွှာခေါ်ယူခြင်းကို တစ်ပြိုင်တည်း ထုတ်ပြန်သွား မည် ဖြစ်ပါသည်။

လျှောက်ထားသူများအနေဖြင့် CEPF ၏ ရင်းနှီးမြုပ်နှံမှုဆိုင်ရာမဟာဗျူဟာ (CEPF Investment Strategy) [ မြန်မာဘာသာပြန် အနှစ်ချုပ်ကို ဤနေရာ တွင်လည်းကောင်း၊ အင်္ဂလိပ်လို အပြည့်အစုံကို ဤနေရာ တွင် (PDF 8.6MB) လည်းကောင်း] ကို ကောင်းစွာ ရင်နှီးကျွမ်းဝင်သိရှိထားနိုင်ရန် တိုက်တွန်းပါသည်။ ထို့ပြင် မေးမြန်းလိုသည်များ၊ စီမံကိန်းဆိုင်ရာ အတွေးအခေါ် အယူအဆများကို ဆွေးနွေးလိုပါက Indo-Burma Regional Implementation Team (RIT) ထံ အီးမေးလ် CEPF-Indoburma@iucn.org သို့ ပေးပို့၍ မေးမြန်းဆွေးနွေးနိုင်ပါသည်။

ရင်းနှီးမြုပ်နှံဆောင်ရွက်မည့်နည်းဗျူဟာနှင့် အနီးစပ်ဆုံးကိုက်ညီမှုရှိသည့် စီမံကိန်းများကိုသာ ဦးစားပေးမည် ဖြစ်ပါသည်။ IUCN ၊ MERN နှင့် CEPF တို့သည် ယခင်ခေါ်ယူသည့်အကြိမ်များတွင် CEPF ၏ စီမံကိန်းအထောက်အပံ့ရထားသူများသာမက မရရှိထားသောအဖွဲ့များ ထံမှပါ အဆိုပြုလွှာများကို ဖိတ်ခေါ်အပ်ပါသည်။

ဤအကြိမ်သည် ပြည်တွင်းလူမှုဖွံ့ဖြိုးရေးအဖွဲ့အစည်းများအတွက်ရော၊ အပြည်ပြည်ဆိုင်ရာလူမှုဖွံ့ဖြိုးရေး အဖွဲ့အစည်းများ အတွက်ပါ ခေါ်ယူခြင်းဖြစ်ပါသည်။ သို့သော်လည်း သိရှိထားရန်လိုအပ်သည်မှာ ပြည်တွင်းလူမှုဖွံ့ဖြိုးရေး အဖွဲ့အစည်းများကို ဦးဆောင်လမ်းပြနိုင်သော၊ ၎င်းတို့၏ စွမ်းဆောင်ရည်များ မြင့်တက်လာအောင် တည်ဆောက်ပေးရန် အတိအလင်းဦးတည်ထားသော အဆိုပြုလွှာများကို ဦးစားပေးမည် ဖြစ်ပါသည်။

**ဤအဆိုပြုလွှာခေါ်ယူခြင်းတွင် ခွင့်ပြုမည့် နည်းဗျူဟာလမ်းညွှန်ချက် (Strategic Direction) များ**

**နည်းဗျူဟာလမ်းညွှန်ချက်(၄)** - ဦးစားပေးအရေးပါသည့် ဇီဝမျိုးစုံမျိုးကွဲများဧရိယာများအား စီမံအုပ်ချုပ်ခြင်းနှင့် ထိန်းသိမ်းကာကွယ်ခြင်းတို့တွင် ဒေသခံပြည်သူများ ပါဝင်ဆောင်ရွက်နိုင်အောင် လုပ်ဆောင်နိုင်ခွင့်များပေးခြင်း

**မှတ်ချက်** ။ *လျှောက်ထားမည့် စီမံကိန်းများသည် ဧရာဝတီမြစ်ဝှမ်းဒေသတွင် ဆောင်ရွက်သည့် စီမံကိန်းများ ဖြစ်ရပါမည်။ ဧရာဝတီမြစ်ဝှမ်းဒေသဟုဆိုရာတွင် ချင်းတွင်းမြစ်အပါဝင် ဧရာဝတီမြစ်မကြီးထဲသို့ စီးဝင်သည့် အခြားမြစ်လက်တက်များ၏ မြစ်ဝှမ်းဒေသများပါ ပါဝင်သော မြစ်ဝှမ်းဒေသကြီးတစ်ခုလုံးကို ဆိုလိုပါသည်။ အောက်ပိုင်းမဲခေါင်မြစ်ဝှမ်းတွင် ဆောင်ရွက်သည့် စီမံကိန်းများ၏ အတွေ့အကြုံများ၊ နည်းလမ်းများကို သယ်ယူထည့်သွင်းဆောင်ရွက်မည့် စီမံကိန်းများကို ဦးစားပေးမည်။*

အောက်ဖော်ပြပါ ဦးစားပေးအစီအစဉ်ကို လုပ်ကိုင်ဆောင်ရွက်မည့် အဆိုပြုလွှာများကို တင်သွင်းရန် IUCN ၊ MERN နှင့် CEPF တို့မှ ဖိတ်ခေါ်ပါသည်။

၄.၅ ဒေသခံများပါဝင်ကာအသိအမှတ်ပြုခြင်း၊ ဒေသခံများနှင့်ညှိနှိုင်းဆွေးနွေးခြင်း နှင့်/သို့မဟုတ် ဒေသ၌ ကျင့်သုံးနေသည့် ပုံစံများ စသည်တို့ကို အသုံးပြုကာ မြန်မာနိုင်ငံတွင် ထိန်းသိမ်းကာကွယ်သည့်ဧရိယာကွန်ရက်ကို ကျယ်ပြန့်လာအောင် ပံ့ပိုးပေးခြင်း

**နည်းဗျူဟာလမ်းညွှန်ချက်(၆)** - ဇီဝမျိုးစုံမျိုးကွဲများ ရွှေ့ပြောင်းသွားလာသည့် ဦးစာပေး လျှောက်လမ်း (priority corridor) များ တိုးတက်ဖွံ့ဖြိုးအောင် ဆောင်ရွက်သည့် အစီအစဉ် များတွင် ဇီဝမျိုးစုံမျိုးကွဲများ ၊ ဒေသခံများနှင့် အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ၌ အဓိက ကျသော အဖွဲ့များက ချိတ်ဆက်ဆောင်ရွက်ခြင်း

**မှတ်ချက်** ။ *လျှောက်ထားမည့် စီမံကိန်းများသည် ဧရာဝတီမြစ်ဝှမ်းဒေသတွင် ဆောင်ရွက်သည့် စီမံကိန်းများ ဖြစ်ရပါမည်။ ဧရာဝတီမြစ်ဝှမ်းဒေသဟုဆိုရာတွင် ချင်းတွင်းမြစ်အပါဝင် ဧရာဝတီမြစ်မကြီးထဲသို့ စီးဝင်သည့် အခြားမြစ်လက်တက်များ၏ မြစ်ဝှမ်းဒေသများပါ ပါဝင်သော မြစ်ဝှမ်းဒေသကြီးတစ်ခုလုံးကို ဆိုလိုပါသည်။ အောက်ပိုင်းမဲခေါင်မြစ်ဝှမ်းတွင် ဆောင်ရွက်သည့် စီမံကိန်းများ၏ အတွေ့အကြုံများ၊ နည်းလမ်းများကို သယ်ယူထည့်သွင်းဆောင်ရွက်မည့် စီမံကိန်းများကို ဦးစားပေးမည်။*

အောက်ဖော်ပြပါ တစ်ခု (သို့မဟုတ်) တစ်ခုထက်ပိုသော ဦးစားပေးအစီအစဉ်များ လုပ်ကိုင်ဆောင်ရွက်မည့် အဆိုပြုလွှာများကို တင်သွင်းရန် IUCN ၊ MERN နှင့် CEPF တို့မှ ဖိတ်ခေါ်ပါသည်။

၆.၁ လူမှုဖွံ့ဖြိုးရေးအဖွဲ့အစည်းများက ဖွံ့ဖြိုးရေးမူဝါဒများ၊ လုပ်ငန်းအစီအစဉ်နှင့် စီမံချက်များအပေါ် ခွဲခြမ်းစိတ်ဖြာကြည့်ခြင်း နှင့် ထိုလုပ်ငန်းများသည် ဇီဝမျိုးစုံမျိုးကွဲများ၊ ဒေသခံများနှင့် ၎င်းတို့၏အသက်မွေးဝမ်းကြောင်းလုပ်ငန်းများအပေါ် မည်သို့ဆိုးကျိုးသက်ရောက်သည်ကို ဆန်းစစ်သည့်လုပ်ငန်းများ၊ အခြားနည်းဖြင့်ဖွံ့ဖြိုးစေမည့် အစီအစဉ်များနှင့် လိုအပ်သည့်နေရာများတွင် ဆိုးကျိုးသက်ရောက်မှုကိုလျှော့ချသည့်နည်းလမ်းများကိုအဆိုပြုခြင်း

၆.၂ ဦးစားပေး လျှောက်လမ်း (priority corridor) များ၏ ဇီဝမျိုးစုံ မျိုးကွဲများနှင့် ဂေဟစနစ်ဆိုင်ရာဝန်ဆောင်မှု တန်ဘိုးများကို အစိုးရ၏ မြေအသုံးချမှုနှင့် ဖွံ့ဖြိုးရေး စီမံကိန်းများ အဆင့်ဆင့်တွင် ပေါင်းစပ်ထည့်သွင်းခြင်း၊ အကျိုးရှိရှိ စီမံကိန်းဆောင်ရွက်ခြင်းနှင့် ကြီးကြပ်ခြင်းလုပ်ငန်းတို့ကို မြှင့်တင်ခြင်း

၆.၃ နိုင်ငံတော်အစိုးရ၏ သစ်တောနှင့်သဘာဝအရင်းအမြစ်ဆိုင်ရာကဏ္ဍများတွင် ဇီဝမျိုးစုံမျိုးကွဲများ၏ လုပ်ငန်းဆောင်တာများ ပိုမိုကောင်းမွန်လာစေမည့် ဂေဟစနစ် ပြန်လည်ထူထောင်ရေး သရုပ်ပြစီမံကိန်းများ ထူထောင်လုပ်ကိုင်ခြင်းနှင့် သံခင်းတမန်ခင်းအဖြစ် ရှင်းလင်းတင်ပြခြင်း

၆.၄ ဇီဝမျိုးစုံမျိုးကွဲများနှင့်ပတ်သက်သည့်ကိစ္စရပ်များကို ဖွံ့ဖြိုးရေးအစီအစဉ်များတွင် အဓိကပါဝင်လာစေရေးနှင့် ပတ်သက်၍ ပြည်သူများပိုမိုသိရှိလာစေရန်နှင့် ပြည်သူများ၏ ဝေဖန်အကြံပြုခြင်းများကို အများပြည်သူ သိရှိစေရန်အတွက် သတင်းမီဒီယာ၊ စာနယ်ဇင်းများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း

၆.၅ တရားဝင်မှတ်ပုံတင်ခြင်းနှင့် ဇီဝတံဆိပ်သုံးစွဲခြင်းအပါအဝင် ဇီဝမျိုးစုံနှင့်လိုက်လျောညီထွေဖြစ်စေသည့် ကုန်ထုတ်လုပ်ခြင်းပုံစံများကို ရှေ့ပြေးဆောင်ရွက်ခြင်း

၆.၆ အစိုးရ၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့် ဖွံ့ဖြိုးရေးဘဏ်တို့၏ ဘဏ္ဍာရေးဆိုင်ရာဆုံးဖြတ်ချက်များတွင် ဦးစားပေး လျှောက်လမ်း (priority corridor) များ၏ ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်ဆိုင်ရာ ဝန်ဆောင်မှု တန်ဘိုးများကို ထည့်သွင်းစေခြင်း

## ထပ်ဆင့်သိရှိရမည့် သတင်းအချက်အလက်များ

လျှောက်ထားရာတွင် တစ်ဦးချင်း တိုက်ရိုက်လျှောက်ထားခြင်းထက် လူမှုဖွံ့ဖြိုးရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ အဆိုပြုလွှာများရေးသားလျှောက်ထားကြရပါမည်။ CEPF ရန်ပုံငွေကို လျှောက်ထားရာတွင် မိမိတို့ အကျုံးဝင် မဝင် သေချာစွာမသိရှိပါက ဒေသတွင်းအကောင်အထည်ဖော်ဆောင်ရွက်သည့်အဖွဲ့ (RIT) သို့ အီးမေးလ် CEPF-Indoburma@iucn.org နှင့် ဆက်သွယ်မေးမြန်းနိုင်ပါသည်။ လျှောက်ထားသူများအတွက် လမ်းညွှန်ကူညီမှုများ ရရှိနိုင်အောင် ဆောင်ရွက်ထားပါသည်။ လျှောက်ထားရန်စီစဉ်နေသည့် လူမှုဖွံ့ဖြိုးရေးအဖွဲ့အစည်းများအား ၎င်းတို့၏ LoI များကို ရေးသားဆောင်ရွက်ခြင်းမပြုမီ RIT သို့ အီးမေးလ် CEPF-Indoburma@iucn.org နှင့် ဆက်သွယ်မေးမြန်း နိုင်ပါသည်။

၎င်း အစီအစဉ်ဖြင့်ရရှိသည့် ရန်ပုံငွေကို (၁) မြေဝယ်ယူခြင်း ၊ (၂) မည်သည့် ရုပ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှုအမွေအနှစ် များကိုမှ ပြုပြင်ပြောင်းလဲခြင်း၊ ဖယ်ရှားခြင်း ( ရှေးဟောင်း အနုလက်ရာများ၊ သဘာဝရုပ်ကြွင်းများ၊ သမိုင်းအမွေအနှစ် များ၊ ဘာသာရေးအမွေအနှစ်များ၊ သဘာဝအလျောက် ထူးခြားသည့်နေရာများ စသည်တို့၏ တန်ဘိုးများ ပါဝင်သည်။) ၊ (၃) ပြည်သူများကို နေရာပြောင်းရွှေ့ခြင်း၊ တနည်းနည်းဖြင့် အဓမ္မ ပြန်လည်နေရာချထားခြင်း ၊ (၄) ရန်ပုံငွေကို ရင်းနှီးမြှုပ်နှံခြင်း စသည့်တို့တွင် သုံးစွဲခွင့် မပြုပါ။ လုပ်ကိုင်ဆောင်ရွက်သည့် စီမံကိန်းလုပ်ငန်းအားလုံးသည် CEPF ၏ လူမှုနှင့်ပတ်ဝန်းကျင်ဆိုင်ရာ ကာကွယ်ရေး မူဝါဒများနှင့် ကိုက်ညီရပါမည်။ အဆိုပါမူဝါဒကို ၎င်းနေရာတွင် ကြည့်ရှုနိုင် ပါသည်။

**အကြီးစားရန်ပုံငွေ (အမေရိကန်ဒေါ်လာ ၂ သောင်းအထက်) လျှောက်ထားသူများ** သည် http://www.cepf.net/grants/apply/Pages/default.aspx တွင် ရရှိနိုင်သည့် စီမံကိန်းဆိုပြုလွှာပုံစံ (LoI template) ကို အသုံးပြု၍ အင်္ဂလိပ်ဘာသာဖြင့်သာ ရေးသားပေးပို့ရပါမည်။ ပြည့်စုံစွာရေးသားထား သော စီမံကိန်းအဆိုပြုလွှာ များကို အီးမေးလ်ဖြင့် cepfgrants@conservation.org သို့ ပေးပို့နိုင်ပါသည်။ စီမံကိန်းအဆိုပြုလွှာများ လက်ခံရရှိကြောင်း ကို အီးမေးလ်ဖြင့် ပြန်ကြားပေးမည် ဖြစ်ပါသည်။ ၎င်းနောက် လျှောက်ထားသူများအား မည်သို့ ဆက်လက်ဆောင်ရွက်မည်ကို ဆက်သွယ်အသိပေးမည် ဖြစ်ပါသည်။ အဆိုပြုလွှာခေါ်ယူနေသည့်ကာလတွင်

မေးမြန်းလိုသည်များ ရှိပါက cepfgrants@conservation.org သို့ ပေးပို့ မေးမြန်း နိုင်ပါသည်။

အဆိုပြုလွှာများကို ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ (၁၇) ရက်၊ ဗုဒ္ဓဟူးနေ့ နောက်ဆုံးထား၍ ပေးပို့ရပါမည်။

စာရွက်စာတမ်း (Hardcopy) ဖြင့် ပေးပို့သည့် အဆိုပြုလွှာများကို လက်ခံမည် မဟုတ်ပါ။

သိလိုသည်များကို မေးမြန်းထားခြင်းအပေါ် ပြန်လည်ဖြေကြားထားသည်များကို (အင်္ဂလိပ်ဘာသာဖြင့်) ဤနေရာ တွင် ကြည့်ရှုလေ့လာနိုင်ပါသည်။

**ထပ်မံသိရှိလိုသည်များနှင့် လိုအပ်သည့်အကူအညီများရှိပါက အောက်ပါလိပ်စာသို့ ဆက်သွယ်နိုင်ပါသည်။**


CEPF Regional Implementation Team, IUCN Asia Regional Office,
63 Sukhumvit Soi 39, Wattana, Bangkok 10110, Thailand
Email: CEPF-Indoburma@iucn.org
Tel: +66 2 662 4029; Fax: +66 2 662 4389.

နှင့်

Myanmar Environment Rehabilitation-conservation Network (MERN)
Room 302, Building 212-213, Sabal Marga Street, Hantharyeikmon Housing
Ward-5, Sinmalite, Kamaryut Township, Yangon, Myanmar
Email: mern.myanmar@gmail.com
Tel: +95 1 536201; +95 9 49577439

6 July 2016

# Call for Letters of Inquiry, Indo-Burma Hotspot
# Large Grants

**Country:** Myanmar only
**Deadline:** Wednesday 17 August 2016
**Eligible Strategic Directions:** 4 or 6 (you must choose only one)
**Large grant** (>$20,000) Letters of Inquiry only. Submit by email to cepfgrants@conservation.org

The Critical Ecosystem Partnership Fund (CEPF) is designed to safeguard Earth's biologically richest and most threatened regions, known as biodiversity hotspots. CEPF is a joint initiative of l'Agence Française de Développement, Conservation International, the European Union, the Global Environment Facility, the Government of Japan, the John D. and Catherine T. MacArthur Foundation, and the World Bank, and in the Indo-Burma Hotspot is also supported by the Margaret A. Cargill Foundation. A fundamental goal is to ensure civil society is engaged in biodiversity conservation.

The Indo-Burma Hotspot comprises all non-marine parts of Cambodia, Lao PDR, Myanmar, Thailand and Vietnam, plus parts of southern China.

IUCN (International Union for Conservation of Nature), Myanmar Environment Rehabilitation-conservation Network (MERN) and CEPF are pleased to invite Letters of Inquiry (LoIs) from non-government organisations, community groups, private companies and other civil society organisations, for **large grants** in Myanmar. A separate call for proposals for small grants, covering all countries of the Indo-Burma Hotspot, has been issued simultaneously.

Applicants are strongly encouraged to familiarise themselves with the CEPF investment strategy (summarised in Burmese here and available in full in English here (PDF 8.6MB)), and to contact the Indo-Burma Regional Implementation Team (RIT) at CEPF-Indoburma@iucn.org if they have any questions or wish to discuss project ideas.

Please note that preference will be given to projects that are the closest fit to the investment strategy. IUCN, MERN and CEPF welcome applications from grantees under earlier funding rounds, as well as organizations that have not previously received CEPF funding.

This call is open to both local and international civil society organizations. Please note, however, that preference will be given to projects that demonstrate a leading role for local organizations and/or an explicit focus on capacity building for local civil society.

## Strategic Directions Eligible for Funding under This Call

**Strategic Direction 4. Empower local communities to engage in conservation and management of priority key biodiversity areas**

*NOTE: Projects must be located with the Ayeyarwady Basin; this definition comprises the entire basin, including the basins of the Chindwin and other tributary rivers. Priority will be given to projects that transfer experience and approaches from the lower Mekong Basin to the Ayeyarwady Basin.*

IUCN, MERN and CEPF invite proposals that address the following investment priority:

4.5 Support expansion of the protected area network in Myanmar using participatory gazettal, community consultation processes and/or community-based models

**Strategic Direction 6. Engage key actors in mainstreaming biodiversity, communities and livelihoods into development planning in the priority corridors**

*NOTE: Projects must be located with the Ayeyarwady Basin; this definition comprises the entire basin, including the basins of the Chindwin and other tributary rivers. Priority will be given to projects that transfer experience and approaches from the lower Mekong Basin to the Ayeyarwady Basin.*

IUCN, MERN and CEPF invite proposals that address one or more of the following investment priorities:

6.1 Support civil society efforts to analyze development policies, plans and programs, evaluate their impact on biodiversity, communities and livelihoods and propose alternative development scenarios and appropriate mitigating measures where needed
6.2 Integrate the biodiversity and ecosystem service values of priority corridors into government land-use and development plans at all levels and promote effective implementation and monitoring of these plans
6.3 Develop protocols and demonstration projects for ecological restoration that improve the biodiversity performance of government programs in the forestry and other natural resource sectors
6.4 Engage the media as a tool to increase awareness and inform public debate on mainstreaming biodiversity into development planning
6.5 Pilot models for biodiversity-friendly production, including certification and eco-labelling
6.6 Integrate the biodiversity and ecosystem service values of priority corridors into financial decision making by governments, private investors and development banks

## Additional Information

Individuals must work with civil society organisations to develop applications, rather than apply directly. Anyone who is uncertain of their eligibility to apply for CEPF funding should contact the RIT at CEPF-Indoburma@iucn.org. Guidance is available to all applicants, and civil society organizations considering applying are encouraged to contact the RIT at CEPF-Indoburma@iucn.org prior to preparing their LoIs.

Grants cannot be used for: (i) purchase of land; (ii) removal or alteration of any physical cultural property (including those with archaeological, palaeontological, historical, religious or unique natural values); (iii) relocation of people or any other form of involuntary resettlement; or (iv) capitalization of trust funds. All activities must comply with CEPF's social and environmental safeguard policies, which can be found here.

**Applicants for large grants (over US$20,000)** can apply in English only, using the LoI template available at http://www.cepf.net/grants/apply/Pages/default.aspx. Completed LoIs should be sent as an e-mail attachment to cepfgrants@conservation.org. Receipt of the application will be acknowledged by e-mail. Applicants will be contacted thereafter as to how to proceed. Questions or concerns during this process can be sent to cepfgrants@conservation.org

The deadline for receipt of LoIs is Wednesday 17 August 2016.

Please note that hardcopy LoIs are not acceptable.

Answers to Frequently Asked Questions (in English) may be found here.

**Further information and assistance can be obtained from:**

CEPF Regional Implementation Team, IUCN Asia Regional Office,
63 Sukhumvit Soi 39, Wattana, Bangkok 10110, Thailand
Email: CEPF-Indoburma@iucn.org
Tel: +66 2 662 4029; Fax: +66 2 662 4389.

and

Myanmar Environment Rehabilitation-conservation Network (MERN)
Room 302, Building 212-213, Sabal Marga Street, Hantharyeikmon Housing
Ward-5, Sinmalite, Kamaryut Township, Yangon, Myanmar
Email: mern.myanmar@gmail.com
Tel: +95 1 536201; +95 9 49577439